Livelihoods and Food Security Trust Fund

# အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ

# ရွှေ့ပြောင်းသွားလာမှုစီမံကိန်း

# အဆိုပြုလွှာခေါ်ယူခြင်း

| | |
|---|---|
| **ရည်ညွှန်းအမှတ်စဉ်။** | CfP / LIFT / 2015 / 4 / Migration |
| **ထုတ်ပြန်သည့်ရက်စွဲ။** | ၂၀၁၅ခုနှစ် ဇူလိုင်လ ၁၇ ရက် |
| **တင်သွင်းရမည့်နောက်ဆုံးရက်စွဲ။** | ၂၀၁၅ခုနှစ် ဩဂုတ်လ ၂၁ ရက် မွန်းတည့်( ၁၂:၀၀နာရီ) |
| **အမည်။** | ရွှေ့ပြောင်းသွားလာမှုစီမံကိန်း |
| **ကာလအပိုင်းအခြား။** | ထောက်ပံ့ကာလအပိုင်းအခြားမှာ ၂၀၁၅ခုနှစ် အောက်တိုဘာလခန့်မှ ၂၀၁၈ခုနှစ် ဒီဇင်ဘာလကုန်အထိ (ထို့အထက်မကျော်လွန်ရ) |

## နောက်ခံအခြေအနေ

အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT)သည် မြန်မာနိုင်ငံတွင် ၂၀၀၉ခုနှစ်ကတည်းက တည်ထောင်ထားသော အလှူရှင်အများပါဝင်သည့် ရန်ပုံငွေ ဖြစ်ပြီး၊ ယင်း၏ ရည်မှန်းချက်မှာ ဆင်းရဲနွမ်းပါးမှုနှင့် ရင်ဆိုင်နေရသော လူဦးရေကို ထက်ဝက်လျှော့ချရန်ဖြစ်သည်။ ယနေ့အထိ အလှူရှင်၁၃ဦး၏[၁] ရန်ပုံငွေများကို လက်ခံရရှိထားပြီး ကုလသမဂ္ဂစီမံကိန်းများရုံး(UNOPS)သည် ရန်ပုံငွေစီမံခန့်ခွဲသူအဖြစ် ရန်ပုံငွေကို စီမံခန့်ခွဲကာ စောင့်ကြပ်ကြည့်ရှု ကြီးကြပ်လျက်ရှိသည်။

LIFTသည် မြန်မာနိုင်ငံ၏ စိုက်ပျိုး-ဂေဟဇုန်(၄)ခုတွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယင်းတို့မှာ - ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ကမ်းရိုးတန်းဒေသ၊ အပူပိုင်းဇုန်(စစ်ကိုင်းတိုင်းတောင်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတို့ ပါဝင်သည်)၊ ကချင်၊ ချင်း၊ ရှမ်းပြည်နယ်တို့၏ တောင်တန်းဒေသတို့ ဖြစ်ကြသည်။

LIFTသည် ဆင်းရဲနွမ်းပါးသော ကျေးလက်အိမ်ထောင်စုတို့ကို ဆင်းရဲခြင်းမှလွတ်ကင်းအောင် ကူညီရန် ရည်ရွယ်သည်။ သို့သော် ဆင်းရဲခြင်းမှလွတ်ကင်းအောင် သွားရမည့်လမ်းတို့မှာ အိမ်ထောင်စုတို့၏ လက်ရှိအသက်မွေးမှု မဟာဗျူဟာနှင့် လုပ်နိုင်စွမ်းတို့တွင် မူတည်သည်။ ကျေးလက်နေဆင်းရဲနွမ်းပါးသူများအတွက် အဓိကဝင်ငွေရလမ်းနှစ်ခုမှာ-လုပ်ကွက်ငယ် စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းနှင့် ကျေးလက်ဒေသ လယ်ယာပြင်ပအလုပ်အကိုင်တို့ ဖြစ်သည်။ LIFTသည် စီးပွားဖြစ်နိုင်စွမ်း ရှိသည့် လုပ်ကွက်ငယ်လယ်သမားများကို "တက်လှမ်း"နိုင်စေရန် လည်းကောင်း၊ ဆင်းရဲသောကျေးလက်နေ အိမ်ထောင်စု များကို လယ်ယာပြင်ပကဏ္ဍများတွင် အလုပ်အကိုင် ရရှိစေခြင်းဖြင့် တိုးတက်နေသည့်ဈေးကွက်စီးပွားရေးတွင်

---

[၁] ၂၀၁၅ခုနှစ်ဖေဖော်ဝါရီလအထိ ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စု တို့သည် စုစုပေါင်းကန်ဒေါ်လာ ၂၀၆သန်းကို ထည့်ဝင်ခဲ့ ကြသည်။ ပုဂ္ဂလိကကဏ္ဍမှ မစ်ဆူဘီရှီကော်ပရေးရှင်းသည်လည်း LIFT၏ အလှူရှင်တစ်ဦးဖြစ်သည်။

ပါဝင်နိုင်စေရန်လည်းကောင်း ကူညီပါသည်။ ၎င်းနည်းအားဖြင့် ကြီးမားကျယ်ပြန့်လာသည့် ဈေးကွက်တွင် ပါဝင်လာနိုင်မည် ဖြစ်သည်။

လောလောဆယ်တွင် မြန်မာနိုင်ငံGDP၏ ၄၁%မှာ စိုက်ပျိုးရေး (ကျယ်ပြန့်စွာ သတ်မှတ်ထား)ကဏ္ဍမှ ဖြစ်ပြီး နိုင်ငံ့လူဦးရေ၏ ၆၀%ကို အလုပ်အကိုင်များပေးအပ်နေသော်လည်း အာရှနှင့် အခြားဒေသများမှ အတွေ့အကြုံအရ မြန်မာ့စီးပွားရေး တိုးတက်ကြီးထွားလာသည်နှင့်အမျှ ယင်းသို့ စိုက်ပျိုးရေးမှ ပါဝင်နေမှုမှာ လျော့ကျသွားရန် လိုအပ်သည်။ ထို့ကြောင့်ပင်လျှင် LIFTသည် စိုက်ပျိုးရေးလုပ်ငန်းမှ "ထွက်ခွာ"ကာ ဝင်ငွေကောင်းသောအလုပ်များသို့ ရွှေ့ပြောင်းလုပ်ကိုင်မည့်သူများကို ထောက်ပံ့ရန်ကိုလည်း ဦးတည်ထားသည်။ ရွှေ့ပြောင်းသွားလာမှုကြောင့်ရရှိသော ဝင်ငွေသည် အိမ်ထောင်စုဝင်ငွေကို အမျိုးအမည်များပြားစေသည့်ပြင် ခံနိုင်ရည်စွမ်းကိုလည်း တည်ဆောက်ပေးသည့် အရေးကြီးသောနည်းလမ်းတစ်ခုပင် ဖြစ်သည်။

လူအများစုအတွက်မှာ "ထွက်ခွာခြင်း"ဟူသည် ဒေသတွင်းရှိ လယ်ယာပြင်ပကဏ္ဍတွင် အလုပ်အကိုင်ရှာဖွေခြင်း၊ စီးပွားရေးလုပ်ငန်းစတင်ခြင်းပင် ဖြစ်သည်။ ထိုသူများသည် မိမိတို့၏အိမ်များနှင့် အဆက်အသွယ်မပြတ်ကြဘဲ နေ့ချင်းပြန် သွားရောက်နေကြသည်၊ ပိတ်ရက်များတွင် အိမ်ပြန်နေကြသည်။ အခြားသူများအတွက်မှာမူ "ထွက်ခွာခြင်း"ဆိုသည်မှာ ပိုဝေးသော မြို့ပြဒေသများ၊ အဓိကမြို့ကြီးများသာမက နိုင်ငံခြားသို့ပါ ရွှေ့ပြောင်းသွားလာခြင်း ဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံမှရွှေ့ပြောင်းသွားလာသူများသည် ကန်ဒေါ်လာ ၈ဘီလျံခန့်ကို နှစ်စဉ် အိမ်ပြန်ပို့နေကြရာ ၄ဘီလျံမှာ ထိုင်းနိုင်ငံမှ ဖြစ်သည်။ ယင်းသည် ၂၀၁၃ခုနှစ်တွင် မြန်မာနိုင်ငံက ရရှိခဲ့သော တရားဝင် ဖွံ့ဖြိုးရေးအကူအညီ(ODA)၏ အထောက်အပံ့ငွေ ကန်ဒေါ်လာ သန်း၈၇၀ထက် ကိုးဆမက များနေပေသည်။

ရွှေ့ပြောင်းသွားလာမှုသည် မြန်မာနိုင်ငံတွင် ကာလရှည်ကြာဖြစ်ထွန်းလျက် အရေးပါသည့်ဖြစ်စဉ်တစ်ခုလည်းဖြစ်ရာ ရွှေ့ပြောင်းသွားလာသည့်နှုန်းမှာ နောင်တွင် ပိုမိုတိုးပွားလာမည်ဟု အများက မှတ်ယူလာနေကြသည်။ အိမ်ထောင်စုများ၏ အသက်မွေးမှုသို့ ယင်း၏သက်ရောက်မှုမှာလည်း တိုးပွားလျက်ရှိသည်။ ရွှေ့ပြောင်းသွားလာမှုသည် အကျိုးရှိနိုင်သော်လည်း အန္တရာယ်ရှိနိုင်သည့်အလားအလာများလည်း ရှိနေသည်။ ထို့ကြောင့် ရွှေ့ပြောင်းသွားလာမှု၏ အကျိုးများကို ပိုမို နားလည်စေရန်နှင့် မြှင့်တင်စေရန်အပြင် ရွှေ့ပြောင်းသွားလာသူများ၊ ယင်းတို့၏ မိသားစုများ၊ ရွှေ့ပြောင်းသွားလာမှုက အကျိုးသက်ရောက်လျက်ရှိသည့် ရပ်ရွာများတို့ကိုပါ ဆင်းရဲမွဲတေမှုလျှော့ချရေး မဟာဗျူဟာများနှင့် ဆောင်ရွက်မှုများတွင် ပါဝင်နိုင်စေရန်အတွက် ဆောင်ရွက်ရန်လိုအပ်သည်။ ရွှေ့ပြောင်းသွားလာမှု၏ သဘောသဘာဝနှင့် ရွှေ့ပြောင်းသွားလာစေသည့် နောက်ခံအခြေအနေတို့မှာ အခရာကျသည့်အလျောက် မူဝါဒရေးဆွဲသူများသည် ယင်းနောက်ခံ အခြေအနေကို ပုံသွင်းပေးရန်၊ ရွှေ့ပြောင်းသွားလာမှု၏ အကျိုးကျေးဇူးများကို ထိန်းကျောင်းပေးရန်၊ အကျိုးဖြစ်ထွန်းမှုမရှိသော နောက်ဆက်တွဲရလဒ်များကို လျော့ပါးစေရန် ပါဝင်ဆောင်ရွက်ရမည် ဖြစ်သည်။

LIFTရန်ပုံငွေဘုတ်အဖွဲ့သည် ရွှေ့ပြောင်းသွားလာမှုနှင့်သက်ဆိုင်သော လုပ်ငန်းများအတွက် ကန်ဒေါ်လာသန်း၂၀ကို လျာထားရန်နှင့် အဆင့်နှစ်ဆင့်ဖြင့် ဆောင်ရွက်ရန် ၂၀၁၄ခုနှစ်ဇွန်လတွင် သဘောတူညီခဲ့ကြသည်။ ပထမအဆင့်မှာ LIFT၏ ရွှေ့ပြောင်းသွားလာမှုနှင့်သက်ဆိုင်သော လုပ်ငန်းများအတွက် ဦးစီးဆောင်ရွက်မည့် ဦးဆောင်မိတ်ဖက်အဖွဲ့ကို ရွေးချယ်တာဝန်ပေးရန်ဖြစ်သည်။ ထိုဦးဆောင်မိတ်ဖက်အဖွဲ့သည် (ရန်ပုံငွေဘုတ်အဖွဲ့၊ ရန်ပုံငွေမန်နေဂျာ၊ လုပ်ဖော်ကိုင်ဖက်များ အပါအဝင်ဖြစ်သော)LIFTကို နည်းပညာဆိုင်ရာအထောက်အကူပေးရန် နှင့် ရွှေ့ပြောင်းသွားလာမှု ဆိုင်ရာ ရလဒ်ကောင်းများရရှိစေရန် LIFTကထောက်ပံ့နိုင်မည့် စီမံကိန်းများကို ပုံသွင်းပေးရန်တို့အပါအဝင်ဖြစ်သည့် လုပ်ငန်း စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ရမည် ဖြစ်သည်။ ဒုတိယအဆင့်တွင် "ရွှေ့ပြောင်းသွားလာမှု ရန်ပုံငွေထောက်ပံ့ခြင်း လုပ်ကွက်"ကို ဖွင့်ရန်ဖြစ်ပြီး ဆောင်ရွက်နိုင်စွမ်းရှိသည့် မိတ်ဖက်များသည် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်ရန်အတွက် ရန်ပုံငွေများကို လျှောက်ထားနိုင်မည် ဖြစ်သည်။

ယေဘုယျရည်မှန်းချက်မှာ ရွှေ့ပြောင်းသွားလာမှုနှင့် ဖွံ့ဖြိုးမှုတို့သည် မည်သို့ အပြန်အလှန်သက်ရောက်မှု ရှိသည် ကိုလည်းကောင်း၊ LIFT၏စီမံကိန်းများနှင့် ပိုမိုကျယ်ပြန့်သော မူဝါဒဆွေးနွေးမှုများတွင် ရွှေ့ပြောင်းသွားလာမှုကို မည်သို့ ထည့်သွင်းရမည်ကိုလည်းကောင်း LIFTက ပိုမိုနားလည်စေရန်ဖြစ်သည်။

## အဆိုပြုလွှာခေါ်ယူခြင်း၏အတိုင်းအတာနယ်ပယ်

LIFTသည် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာလုပ်ငန်းများတွင် ဦးဆောင်မည့်လုပ်ဖော်ကိုင်ဖက်အဖြစ် ဆောင်ရွက်ရန် အရည်အချင်း ပြည့်မီသည့် အဖွဲ့အစည်းများထံမှ[၂] အဆိုပြုလွှာများကို ခေါ်ဆိုနေပါသည်။ လျှောက်ထားတင်သွင်း အောင်မြင်သည့် မိတ်ဖက်နှင့် ရန်ပုံငွေသဘောတူညီမှုကို လက်မှတ်ရေးထိုးသွားမည်။

အဆိုပြုထားသောလုပ်ငန်းများကို ၂၀၁၈ခုနှစ်ဒီဇင်ဘာလအထိသာ ဆောင်ရွက်မည်ဖြစ်သည်။ (၂၀၁၅ခုနှစ် အောက်တိုဘာလ ၁ရက်နေ့ သို့မဟုတ် ယင်းနေ့ရက်ဝန်းကျင်ခန့်တွင် စတင်မည်ဖြစ်သည်။)

အဆိုပြုထားသော စီမံချက်များသည် အောက်ဖော်ပြပါ အစိတ်အပိုင်းအားလုံးပါဝင်အောင် ဆောင်ရွက်ရမည်။

**အစိတ်အပိုင်း၁။** *လုပ်သားရွှေ့ပြောင်းမှု၏ သဘာဝနှင့် တွန်းအားများ၊ အပူပိုင်းဇုန်၊ မြစ်ဝကျွန်းပေါ်၊ တောင်တန်းဒေသ၊ ရခိုင်ဟူသော LIFT၏ ဒေသအလိုက်စီမံကိန်းများအားလုံးတွင်ပါဝင်သော အသက်မွေးဝမ်းကျောင်းမှုများနှင့် ယင်းတို့၏ အချိတ်အဆက်တို့ နားလည်ခြင်း။*

အဆိုပြုလွှာများတွင် ရွှေ့ပြောင်းသွားလာမှုနှင့် အသက်မွေးမှုတို့သည် အိမ်ထောင်စုအဆင့်၊ ရပ်ရွာအဆင့်၊ ဒေသကြီးအဆင့်တို့တွင် မည်သို့ချိတ်ဆက်မှုရှိသည်ကို နားလည်စေရန်အတွက် လေ့လာမှုများနှင့် အကြံဉာဏ်ရယူမှုများကို မည်သို့ ဒီဇိုင်းရေးဆွဲ အကောင်အထည်ဖော်မည်ဆိုသသည်အား ဖော်ပြရမည်။ လေ့လာရန်လိုအပ်သော နယ်ပယ်တို့တွင် အောက်ပါတို့ ပါဝင်နိုင်သည်_

- အိမ်ထောင်စုအချက်အလက်များ (ဥပမာ။ ပိုင်ဆိုင်မှုများ၊ ပညာရေး၊ ဆွေမျိုးတော်စပ်မှု၊ လူမှုအပေါင်းအသင်းများ၊ ကိုယ်စီ အရည်အချင်းများ)နှင့် နောက်ခံအချက်အလက်များ (ဥပမာ- စိုက်ပျိုးရေး-ရာသီဥတုအခြေအနေများ၊ စျေးကွက်များ၊ မူဝါဒများ)တို့သည် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အလေ့အကျင့်များနှင့် ရလဒ်များကို မည်သို့ပုံသွင်းသည်ကို နားလည်ခြင်း၊
- ရွှေ့ပြောင်းသွားလာမှုလုပ်ငန်းစဉ်ကိုနားလည်ခြင်း။ မည်သူက မည်သည့်အချိန်တွင် မည်သည့်အကြောင်း ကြောင့် မည်သည့်နေရာသို့ မည်မျှကြာအောင် ရွှေ့ပြောင်းသွားလာသည်၊ ရွှေ့ပြောင်းသွားလာသူများတွင် မည်သည့်ကျွမ်းကျင်မှုများရှိကြသည်၊ မည်သည့်အလုပ်များတွင် ဝင်ရောက်လုပ်ကိုင်ကြသည်၊ ရွှေ့ပြောင်းသွားလာမှု လုပ်ငန်းစဉ်ကို မည်သူတို့က (မိသားစု/ မိတ်ဆွေများ/ အလုပ်သမားစုဆောင်းရေးလုပ်ငန်းများ/ အစိုးရ) ထောက်ပံ့ကြသည်၊ ပုံမှန်ရွှေ့ပြောင်းသွားလာမှု ပိုများလာစေမည့် မဟာဗျူဟာများမှာ မည်သည်တို့ဖြစ်ကြသည်၊ အလုပ်သမားစုဆောင်းရေးလုပ်ငန်းများ၏ စိန်ခေါ်မှုများနှင့် အကျိုးသက်ရောက်နေသည့်မူဝါဒတို့မှာ မည်သည်တို့ ဖြစ်ကြသည်၊ ရွှေ့ပြောင်းသွားလာသူရှိ သောအိမ်ထောင်စုများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများမှာ မည်သည်တို့ ဖြစ်ကြသည်၊ ရွှေ့ပြောင်းသွား လာသူများ ပြန်ရောက်လာသောအခါ မည်သည့်ဆန္ဒများ ရှိကြသည်။
- ရွှေ့ပြောင်းသွားလာသူရှိသော အိမ်ထောင်စုများက မည်သည့်အခြေအနေတွင် စိုက်ပျိုးရေး၊ သယံဇာတ စီမံခန့်ခွဲရေး၊ လယ်ယာပြင်ပစီးပွားရေးလုပ်ငန်းများ၌ အရင်းအနှီးနှင့်လုပ်အားကို ရင်းနှီးမြှုပ်နှံကြကြောင်း ပါဝင်သည့် အသက်မွေးမှု မဟာဗျူဟာနှင့်ပတ်သက်သော လူထု၏အမြင်၊ သဘောထားများ၊ ဆောင်ရွက်မှုများကို ရွှေ့ပြောင်းသွားလာမှုက မည်သို့သက်ရောက်မှုရှိသည် နားလည်ခြင်း။
- ပြန်ပို့ငွေများကို ဖွံ့ဖြိုးရေးအတွက် မည်သို့အကျိုးရှိစေမည်။ ပုံမှန်အားဖြင့် ပြန်ပို့ငွေများ မည်မျှရှိသည်၊ မည်သည့်အချိန်များတွင် ပြန်ပို့နေသည်၊ ပိုမိုကျွမ်းကျင်လာသည်နှင့်အမျှ ပြန့်ပို့ငွေများလည်း မည်သို့ ပိုမိုလာသည်၊ ပြန်ပို့ငွေများကို မည်သည့်နည်းလမ်းဖြင့် စရိတ်မည်မျှအကုန်အကျခံကာ ပေးပို့နေသည်၊ တရားဝင် ငွေလွှဲမှုကို တိုးပွားစေမည့် မဟာဗျူဟာများသည် မည်သည်တို့ဖြစ်ကြသည်၊ ငွေလွှဲလုပ်ငန်းများ ကျေးလက် သို့ ရောက်ရှိစေရန် မည်သို့အထောက်အပံ့ပြုနိုင်သည်၊ ရုံးခွဲမရှိသော ရွှေ့လျားဘဏ်လုပ်ငန်း၏ အလားအလာ မြန်မာနိုင်ငံတွင် မည်သို့ရှိသည်။

---

[၂] LIFT၏ လုပ်ငန်းလမ်းညွှန်ချက်များမှ- " အရည်အချင်းမီလုပ်ဖော်ကိုင်ဖက်များတွင် မြန်မာအစိုးရ၊ ပြည်တွင်းနှင့်နိုင်ငံတကာ NGOများ ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အခြားနိုင်ငံတကာအဖွဲ့အစည်းများ၊ အတတ်ပညာ သို့မဟုတ် သုတေသနဌာနများ၊ ပုဂ္ဂလိကကဏ္ဍမှကုမ္ပဏီများ ပါဝင်သည်။" http://www.lift-fund.org/guidelines

- ရွှေ့ပြောင်းသွားလာမှု၏ မိသားစုတွင်းသက်ရောက်မှုကို သုံးသပ်ခြင်းနှင့် ရွှေ့ပြောင်းသွားလာမှု၏ အကျိုးကျေးဇူးများကို အိမ်ထောင်စုများအတွင်း မည်သို့မျှဝေကြသည်။
- ရွှေ့ပြောင်းသွားလာမှု၏ ရပ်ရွာအဆင့်တွင် သက်ရောက်မှုများကို နားလည်ခြင်း၊ အထူးသဖြင့် ရပ်ရွာလူထုအတွင်း အခြေအနေမညီမျှမှုများနှင့် မည်သို့ဆက်စပ်နေသည်။
- မြန်မာနိုင်ငံ၏ လုပ်သားရွှေ့ပြောင်းသွားလာမှုနှင့် ပြန်ပို့ငွေဆိုင်ရာ ကဏ္ဍတွင် မည်သည်တို့သည် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ အဓိကပတ်သက်ဆက်နွယ်သူများ ဖြစ်ကြသည်၊ ရွှေ့ပြောင်းသွားလာမှုနှင့် ပြန်ပို့ငွေများကို ဖွံ့ဖြိုးရေးတွင် ပိုမိုအကျိုးရှိစေရန် မည်သည့်မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ကောင်းမွန်အောင် ပြုပြင်ရန် လိုအပ်သည်။
- တိုင်းဒေသကြီးအဆင့်နှင့် နိုင်ငံတော်အဆင့် ဖွံ့ဖြိုးရေးအလားအလာများနှင့် သက်ဆိုင်သော ရွှေ့ပြောင်းသွားလာမှု အနေအထားများကို ခန့်မှန်းခြင်း၊

ဆောင်ရွက်ရန်ရှိသောLIFT၏ တောင်တန်းဒေသစီမံကိန်းအတွက် ဆောင်ရွက်မည့်နယ်မြေများကို မဆုံးဖြတ်ရသေးပါ။

**အစိတ်အပိုင်း၂။** *ရွှေ့ပြောင်းသွားလာမှုကို ထောက်ပံ့မည့် နိုင်ငံတော်အဆင့်နှင့် နိုင်ငံတော်အဆင့်အောက်ရှိ လုပ်ငန်းများကို ဖော်ထုတ်ခြင်း*

LIFTသည် ရွှေ့ပြောင်းသွားလာမှုကိုထောက်ပံ့မည့် လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်မည့် မိတ်ဖက်များအတွက် ရန်ပုံငွေများကို လျှောက်ထားနိုင်မည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာလုပ်ကွက်တစ်ခုကို ခေါင်းဆောင်လုပ်ဖော် ကိုင်ဖက်အဖွဲ့၏ အကူအညီဖြင့် ဖွင့်လှစ်ရန် ရည်ရွယ်ပါသည်။ ဤလုပ်ကွက်ကို ခေါင်းဆောင်လုပ်ဖော်ကိုင်ဖက်၏ နည်းပညာအထောက်အပံ့ဖြင့် LIFTရန်ပုံငွေမန်နေဂျာက စီမံခန့်ခွဲသွားမည်ဖြစ်သည်။

လက်ရှိအဆိုပြုလွှာခေါ်ဆိုရာတွင် တင်သွင်းမည့်အဆိုပြုလွှာများသည် သင့်လျော်သော မိတ်ဖက်အဖွဲ့များနှင့် ကျိုးကြောင်းဆီလျော်သော အဆိုပြုလွှာများသတ်မှတ်ရာတွင် ယင်းတို့က မည်သို့ပံ့ပိုးမည့်အကြောင်းကို ဖော်ပြရမည်။ ၎င်းတွင် မည်သည့်ဒေသတွင် မည်သည့်လုပ်ငန်းများကို LIFTက ရန်ပုံငွေထောက်ပံ့ပေးသင့်သည်ကို ဆုံးဖြတ်ခြင်းနှင့် အဆိုပြုလွှာများကို သုံးသပ်ရာတွင်ကူညီခြင်းတို့ ပါဝင်နိုင်သည်။

လုံခြုံစွာရွှေ့ပြောင်းသွားလာခြင်းကို အထောက်အပံ့ပြုမည့်၊ လူမှုရေးနှင့် ငွေကြေးဆိုင်ရာတို့တွင်[၃] ပြန်ပို့ငွေများ၏ ဖွံ့ဖြိုးရေးဆိုင်ရာသက်ရောက်မှုများကို တိုးပွားစေမည့်လုပ်ငန်းများ၊ ရွှေ့ပြောင်းသွားလာမှုကြောင့် ဖြစ်ပေါ်လာသော ခံနိုင်ရည်မဲ့မှုများနှင့် စိန်ခေါ်မှုများကို လျှော့ချသည့် လုပ်ငန်းများကို ရွှေ့ပြောင်းသွားလာမှုလုပ်ကွက်ဖြင့် ရန်ပုံငွေထောက်ပံ့မည်ဖြစ်သည်။

**အစိတ်အပိုင်း ၃။** *ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ LIFT၏ဆောင်ရွက်မှုများအတွက် သင့်လျော်သည့် စောင့်ကြပ်ကြည့်ရှုမှု၊ အကဲဖြတ်မှု၊ သင်ယူမှုဆိုင်ရာ မူဘောင်တစ်ရပ်ကိုပြုစုခြင်း။*

၎င်းသည် LIFTအနေဖြင့် အမျိုးသားမူဝါဒလုပ်ငန်းစဉ်များနှင့် မူဝါဒအကောင်အထည်ဖော်ခြင်းတို့ကို ဩဇာလွှမ်းနိုင်မည့် LIFT ၏ တိုက်ရိုက်ဆောင်ရွက်မှုများတွင် အသုံးပြုရန်၊ လုပ်ငန်းဆောင်ရွက်မှုအရည်အသွေး ပိုမိုကောင်းမွန်စေရန်အတွက် ၎င်း၏လေ့လာမှုကို အသုံးပြုရန်၊ စီမံကိန်းများနှင့်စီမံချက်များတွင် ခိုင်မာသော အထောက်အထားများဖြစ်ထွန်းရန်တို့တွင် အရေးပါသည်။အဆိုပြုလွှာများတွင် ခေါင်းဆောင်အဖွဲ့အစည်းသည် ရန်ပုံငွေမန်နေဂျာသို့ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ LIFT၏လုပ်ငန်းများအတွက် သင့်တော်သည့် စောင့်ကြပ်ကြည့်ရှုမှု၊ အကဲဖြတ်မှု၊ သင်ယူမှုဆိုင်ရာ မူဘောင်တစ်ရပ်ကို ပြုစုရာတွင် မည်ကဲ့သို့ အထောက်အပံ့ပြုမည်ကို ဖော်ပြရမည်။

**အစိတ်အပိုင်း၄။** *LIFT၏ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ မူဝါဒနှင့် ဆွေးနွေးလှုံ့ဆော်မှုလုပ်ငန်းတို့တွင် ထောက် ပံ့ခြင်း။*

ခေါင်းဆောင်အဖွဲ့သည် LIFT၏ပတ်သက်ဆက်နွယ်သူများ (အစိုးရ၊ လုပ်ဖော်ကိုင်ဖက်များ၊ ရန်ပုံငွေ ဘုတ်အဖွဲ့စသည်တို့)ကို ရွှေ့ပြောင်းသွားလာမှုနှင့် ဖွံ့ဖြိုးမှုကို ပိုမိုနားလည်စေရန်နှင့် ယင်းတို့က စီမံကိန်းရေးဆွဲ ရာနှင့် အသိအမြင်စီမံခန့်ခွဲရာတွင်

[၃] ဖွံ့ဖြိုးရေးဆိုင်ရာသက်ရောက်မှုများတွင် ရွှေ့ပြောင်းသွားလာမှုမှ ပြန်ပို့ငွေများသည် အဓိက မောင်းနှင်အားဖြစ်သည်။ လူမှုရေး(ကျွမ်းကျင်မှုအသစ်များ/ အမြင်များ/ နိုင်ငံခြားမှရောက်ရှိလာသောတန်းဖိုးများ)နှင့် ငွေရေးကြေးရေးတို့တွင်ဖြစ်သည်။

ရွှေ့ပြောင်းသွားလာမှုကိုအလေးပေးသော ချဉ်းကပ်မှုများကို ပေါင်းစပ်နိုင်ရန် အတွက် ယင်းတို့က မည်သို့ထောက်ပံ့မည်ဟု ဖော်ပြရမည်။ ခေါင်းဆောင်အဖွဲ့သည် အသက်မွေးမှု၊ အာဟာရ၊ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အားထုတ်မှုများတွင် ရွှေ့ပြောင်းသွားလာမှုကို အလေးပေးသော ချဉ်းကပ်မှု များပါဝင်စေရန် LIFTက ဆွေးနွေးလုံ့ဆော်ရာ၌ ယင်းက မည်သို့ထောက်ပံ့မည်ကိုလည်း ဖော်ပြရမည်။

## ရန်ပုံငွေခွဲဝေမှု

ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ လုပ်ငန်းများအတွက် လက်ရှိအချိန်တွင် ကန်ဒေါ်လာသန်း၂၈ကို ခွဲဝေထားသည်။ ယင်းတွင် ခေါင်းဆောင်အဖွဲ့အစည်းသို့ ထောက်ပံ့ငွေသာမက အခြားလုပ်ဖော်ကိုင်ဖက်များ၏ နောက်ဆက်တွဲ လုပ်ငန်းများအတွက် ထောက်ပံ့ငွေများလည်းပါဝင်သည်။

## အကျုံးဝင်မည့်နယ်မြေများ

ရွှေ့ပြောင်းသွားလာမှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ သုတေသနများမှ LIFT၏နယ်ပယ်လေးခုဖြစ်သော အပူပိုင်းဇုန်၊ မြစ်ဝကျွန်းပေါ်၊ တောင်တန်းဒေသနှင့် ရခိုင်ဒေသတို့ကို ကိုယ်စားပြုသောရလဒ်များကို ထုတ်ဖော်ပေးအပ်ရန် လိုအပ်သည်။ ယင်းသုတေသနတွင် LIFT၏လုပ်ငန်းများ အထူးဆောင်ရွက်နေသော မြို့နယ်များကိုလည်း ထည့်သွင်းရန် လိုအပ်သည်။ ၎င်းတို့မှာ_

- အပူပိုင်းဇုန် - မန္တလေးတိုင်းတွင် တောင်သာ၊ နွားထိုးကြီး၊ မလှိုင်၊ မြင်းခြံနှင့် မကွေးတိုင်းတွင် ပခုက္ကူနှင့် ရေစကြို၊
- မြစ်ဝကျွန်းပေါ်ဒေသ - ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊
- ရခိုင် - ကျောက်ဖြူ၊ ပေါက်တော၊ မင်းပြား၊ မြေပုံ၊

ဆောင်ရွက်ရန်ရှိသော LIFT၏ တောင်တန်းဒေသစီမံကိန်းဆောင်ရွက်မည့်နယ်မြေကို မဆုံးဖြတ်ရသေးပါ။

## အဆိုပြုလွှာရွေးချယ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

အဆိုပြုလွှာတိုင်း၏ နည်းပညာဆိုင်ရာ၊ စွမ်းဆောင်ရည်ဆိုင်ရာ၊ ငွေကြေးဆိုင်ရာတို့ကို အကဲဖြတ်ရေးကော်မတီ (EC)က အကဲဖြတ်မည်ဖြစ်သည်။ အကဲဖြတ်ရေးလုပ်ငန်းစဉ်အနေဖြင့် LIFTသည် အဆိုပြုလွှာတင်သွင်းသူများကို ရွေးချယ်ပြီး နည်းပညာဆိုင်ရာ ကုန်ကျစရိတ်ဆိုင်ရာနှင့် အခြားကိစ္စရပ်များကို ဆွေးနွေးနိုင်သည်။ ကော်မတီ သည် အဆိုပြုလွှာများကို အဆင့်နှစ်ဆင့်ဖြင့် ရွေးချယ်သွားမည်_

၁။ ပဏာမရွေးချယ်ခြင်း

- ECသည် နောက်ဆက်တွဲ၂တွင်ဖော်ပြထားသော စံနှုန်းများကိုအသုံးပြုကာ အဆိုပြုလွှာတစ်စောင်ချင်းကို အကဲဖြတ်မည် ဖြစ်သည်။
- ပဏာမရွေးချယ်ခံရသော တင်သွင်းသူများကို ဖိတ်ခေါ်ပြီး ယင်းတို့၏ချဉ်းကပ်ပုံကို တင်ပြစေမည်ဖြစ်ပြီး EC၏ မေးခွန်းများကို ဖြေကြားစေမည် ဖြစ်သည်။

၂။ အဆိုပြုလွှာမွမ်းမံခြင်း

- LIFTသည် ပဏာမရွေးချယ်ထားသော အဆိုပြုလွှာတစ်ခု သို့မဟုတ် အများသည် ထပ်မံရှင်းလင်းရန် လိုအပ်သည်ဟု ဆုံးဖြတ်နိုင်သည်။ တင်သွင်းသူသည် EC၏မေးခွန်းများ၊ မှတ်ချက်များကို မူတည်၍ ယင်း၏အဆိုပြုလွှာကို မွမ်းမံရန် အချိန်အများဆုံး ရက်သတ္တပတ်နှစ်ပတ် ရရှိမည်ဖြစ်သည်။
- ECသည် ထိုမွမ်းမံထားသော အဆိုပြုလွှာကိုမူတည်၍ အကဲဖြတ်မှုကို ထပ်မံပြုလုပ်မည်ဖြစ်သည်။

အောင်မြင်သောအဆိုပြုလွှာများကို LIFT၏ရန်ပုံငွေမန်နေဂျာဖြစ်သော UNOPSနှင့် ထောက်ပံ့မှုသဘောတူညီချက် အရ အကောင်အထည်ဖော်မည်ဖြစ်သည်။ မအောင်မြင်သောအဆိုပြုလွှာများကို ပြန်လည် ပေးပို့မည်မဟုတ်ပါ။

**အဆိုပြုလွှာတင်သွင်းခြင်း**

အဆိုပြုလွှာပြင်ဆင်ရာတွင် အဓိကကျသောစာရွက်စာတမ်းများမှာ_

(က) နောက်ဆက်တွဲ ၁ - အဆိုပြုလွှာပုံစံနှင့်လိုအပ်ချက်များ

(ခ) နောက်ဆက်တွဲ ၂ - LIFTက အသုံးပြုမည့်ရွေးချယ်ခြင်းဆိုင်ရာ သတ်မှတ်ချက် စံနှုန်းများ

အောက်ပါလိုအပ်ချက်များကို မှတ်သားစေလိုပါသည်_

- အဆိုပြုလွှာများကို နောက်ဆက်တွဲ၁ပါပုံစံနှင့် လိုအပ်ချက်များအတိုင်း မြန်မာဘာသာသို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ရေးသားရမည်။
- အဆိုပြုလွှာများကို အောက်ပါလိပ်စာ(lift.proposals.mmoh@unops.org)သို့ အီးမေးဖြင့် **၂၀၁၅ခုနှစ် ဩဂုတ်လ၂၁ရက်နေ့ ရန်ကုန်အချိန်၁၂း၀၀နာရီ (မွန်းတည့်) (ဂရင်းနစ်စံတော်ချိန်+၆း၃၀နာရီ)အရောက်** ပေးပို့ရမည်။ အထက်ပါ အီးမေးလိပ်စာမှအပ အခြားလိပ်စာများသို့ပေးပို့ပါက ယင်းအဆိုပြုလွှာသည် အကျုံးဝင်မည်မဟုတ်ပါ။ အီးမေးစာကိုယ်နှင့် နောက်ဆက်တွဲများ၏ အရွယ်အစားသည် ၅မီဂါဘိုက် ထက် မပိုစေရပါ။
- အဆိုပြုလွှာစာရွက်စာတမ်းများကိုလည်း မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဂုမိုင် ပြည်သူ့လမ်း၊ အမှတ်၁၂(အို)ရှိ LIFTရန်ပုံငွေစီမံခန့်ခွဲမှုရုံးသို့ အထက်ဖော်ပြပါရက်စွဲထက် နောက်မကျစေဘဲ တင်သွင်းရမည်။ နောက်ဆုံးရက်စွဲအမီ အီးမေးလ်ဖြင့်လည်း၊ စာရွက်စာတမ်းဖြင့်လည်းကောင်း နှစ်မျိုးစလုံးကို လက်ခံမရရှိခြင်းမရှိပါက အဆိုပြုလွှာများကို ငြင်းပယ်မည်ဖြစ်သည်။
- အဆိုပြုလွှာရေးသားသည့် ကုန်ကျစရိတ်နှင့် ခရီးစရိတ်အပါအဝင် သဘောတူညီမှုညှိနှိုင်းရေးအတွက် ကုန်ကျစရိတ်တို့ကို ပြန်လည်ထုတ်ပေးမည်မဟုတ်ကြောင်းနှင့် လုပ်ငန်းတိုက်ရိုက်ကုန်ကျစရိတ်တွင်လည်း ထည့်သွင်းနိုင်မည်မဟုတ်ကြောင်းကို သိစေအပ်ပါသည်။

မရှင်းလင်းသည်များရှိပါက lift@unops.orgသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ရှင်းလင်းဖြေကြားချက်များကို LIFT၏ ဝက်ဘ်ဆိုက် http://lift-fund.org/နှင့် UNOPS၏ ဝက်ဘ်ဆိုက် https://www.unops.org/english/Opportunities/suppliers/Pages/Grant-advertisement.aspx. များတွင် ဖော်ပြပေးမည်ဖြစ်သည်။

အောင်မြင်သောတင်သွင်းသူများအနေဖြင့် LIFT၏လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ လိုက်နာကြမည်ဟု မျှော်လင့်ပါသည်။ အဆိုပါလမ်းညွှန်ချက်များကို http://www.lift-fund.org/guidelines.တွင် ရယူနိုင်ပါသည်။ ယင်းတို့တွင် အစီရင်ခံတင်ပြခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ပစ္စည်းစာရင်းစီမံခန့်ခွဲခြင်း၊ မှတ်တမ်းထိန်းသိမ်းခြင်း၊ မြင်သာမှု စသည်တို့နှင့် သက်ဆိုင်သော LIFT၏ စည်းမျဉ်းများဖော်ပြပါရှိပါသည်။

**လုပ်ငန်းစဉ်အစီအစဉ်များ**

အဆိုပြုလွှာတင်သွင်းရမည့် နောက်ဆုံးရက်စွဲမှအပ အောက်ပါရက်စွဲများသည် အညွှန်းများသာဖြစ်ပါသည်။ EC သည် ပိုလျင်မြန်သော သို့မဟုတ် ပိုကြာမြင့်သော အချိန်ဇယားဖြင့် အဆိုပြုလွှာများကို အကဲဖြတ်နိုင်ပါသည်။

| **အစီအစဉ်** | **ရက်စွဲ** |
|---|---|
| အဆိုပြုလွှာခေါ်ဆိုမှု ထုတ်ပြန်သည့် ရက် | ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၇ရက် |
| ရေးသားမေးမြန်းမှုများကို လက်ခံမည့် နောက်ဆုံးရက် | ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ရက် |

| | |
|---|---|
| ရေးသားဖြေဆိုပြန်ကြားမည့် ရက် | ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၂ရက် |
| **အဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့် ရက်** | **၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၁ရက်** |
| ပဏာမရွေးချယ်ခြင်း | ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၂ ရက်မှ စက်တင်ဘာလ ၃ရက်နေ့ထိ |
| ရန်ပုံငွေသဘောတူညီချက်အတွက် ညှိနှိုင်းခြင်း | ၂၀၁၅ ခုနှစ် စက်တင်ဘာလ |

**နောက်ဆက်တွဲ ၁။အဆိုပြုလွှာပုံစံနှင့် လိုအပ်ချက်များ**

အဆိုပြုလွှာများကို အောက်တွင်ဖော်ပြထားသည့် ပုံစံနှင့်လိုအပ်ချက်များအတိုင်း ပြည့်စုံစွာ ရေးသားပြုစုရမည်။

အဆိုပြုလွှာခေါ်ဆိုချက်စာကိုယ်တွင် ပါရှိသည့်အတိုင်း အီလက်ထရွန်းနစ်စာစောင်နှင့် စာရွက်စာတမ်းများပါ နှစ်မျိုးစလုံးကို တင်သွင်းရမည်။

အဆိုပြုလွှာများသည် စာမျက်နှာ၂၀ထက် မပိုရပါ။ ( Times New Roman ဖောင့်ဆိုဒ် ၁၂ နှင့် အနည်းဆုံး တစ်လက်မ ပတ်လည် ဘေးနေရာချန်ထားရန် ဖြစ်သည်) စာမျက်နှာများကို အမှတ်စဉ်ထိုးရမည်။ အဆိုပြုလွှာများတွင် ချဉ်းကပ်ပုံ၊ လုပ်နည်းများ၊ ရည်ညွှန်းချက်များ၊ မြေပုံများစသည့် အသေးစိတ်အချက်များကို နောက်ဆက်တွဲအဖြစ် ဖော်ပြနိုင်သည်။ နောက်ဆက်တွဲများသည် စာမျက်နှာ၂၀ထက် မပိုရပါ။

အီလက်ထရွန်းနစ်နည်းဖြင့်ပေးပို့ထားသောအဆိုပြုလွှာများ၏ အရွယ်အစားသည် ၅မီဂါဘိုက်ထက် မကျော်လွန်ရပါ။

LIFTသည် အထက်ပါပုံစံနှင့် စာမျက်နှာကန့်သတ်ချက်များနှင့် ကိုက်ညီသောအဆိုပြုလွှာများကိုသာ စဉ်းစားမည်ဖြစ်ပြီး အခြားအဆိုပြုလွှာများကို အကဲဖြတ်မည်မဟုတ်ပါ။

တင်သွင်းသူများသည် ယင်းတို့အဆိုပြုသော စီမံကိန်းကို LIFTက သေချာစွာနားလည်ရန်နှင့် အကဲဖြတ်နိုင်ရန် အတွက် လိုအပ်မည်ထင်သော သတင်းအချက်အလက်အားလုံးကို ဖော်ပြရမည်။ အဆိုပြုလွှာများတွင် မပါမဖြစ် ပါရှိရမည်ဟု LIFTကယူဆသော သတင်းအချက်အလက်များကို အောက်တွင် ဆက်လက်ဖော်ပြထားသည်။

အဆိုပြုလွှာများတွင် အောက်ပါတို့ပါဝင်ရမည်_

**၁။ မျက်နှာဖုံးစာမျက်နှာ**

စီမံချက်အမည်၊ တင်သွင်းသူအမည်နှင့် ဆက်သွယ်ရန်လိပ်စာ၊ လုပ်ဖော်ကိုင်ဖက်များ၊ လုပ်ငန်းဆောင်ရွက်မည့် နယ်မြေ၊ ခန့်မှန်းစီမံချက်ကြာမြင့်ချိန်၊ စတင်သည့်ရက်စွဲနှင့် ပြီးဆုံးသည့်ရက်စွဲ၊ စုစုပေါင်းဘတ်ဂျက်။ မျက်နှာဖုံး စာမျက်နှာသည် အဆိုပြုလွှာစာမျက်နှာကန့်သတ်ချက်တွင် အကျုံးဝင်ခြင်းမရှိပါ။

**၂။ နိဒါန်း**

မာတိကာ၊ အတိုကောက်များ၊ မြေပုံ၊ အကျဉ်းချုပ်ဖော်ပြချက်တို့ ပါဝင်ရမည်။ နိဒါန်းသည် အဆိုပြုလွှာတွင် ပါဝင်သဖြင့် အဆိုပြုလွှာစာမျက်နှာအဖြစ် ထည့်သွင်းရေတွက်သွားမည် ဖြစ်သည်။ ကိုယ်ရေးရာဇဝင်များ၊ လုပ်ငန်းစီမံချက်များသည် EXCELဖိုင်များဖြစ်သောကြောင့် ရေတွက်ခြင်းမပြုဘဲ ယင်းတို့ကို နောက်ဆက်တွဲ များတွင် ထည့်သွင်းနိုင်သည်။

### ၃။ စီမံချက်နောက်ခံအကြောင်းအရာနှင့်အကြောင်းရင်းများ

အဆိုပြုထားသော စီမံချက်သည် LIFT၏မဟာဗျူဟာနှင့် ဤအဆိုပြုလွှာခေါ်ယူချက်တွင် ဖေါ်ပြထားသော အစိတ်အပိုင်းများနှင့် မည်သို့ချိတ်ဆက်သည်ကို ဖော်ပြရမည့်အပြင် ယခင်အတွေ့အကြုံများနှင့် လေ့လာမှုများမှ ရရှိခဲ့သော သင်ခန်းစာများကို ဤစီမံချက်ရေးဆွဲရာတွင် မည်သို့ အသုံးပြုထားသည်ကိုလည်း ရှင်းလင်းဖော်ပြပါ။ မိမိတို့ရရှိသလောက် အချက်အလက်များတွင် ကွာဟချက်များရှိပါက ဖော်ပြပါ။ မြန်မာနိုင်ငံအစိုးရ၏ ဖွံ့ဖြိုးရေး စီမံချက်များ/ဦးစားပေးမှုများနှင့် မည်သို့တစ်ပြေးညီဖြစ်သည် သို့မဟုတ် မဖြစ်သည်ကို ရှင်းပြပါ။ ဤနယ်ပယ်တွင် လုပ်ငန်းဆောင်ရွက်နေသည့် အခြား ဖွံ့ဖြိုးရေးမိတ်ဖက်များကိုပါဖော်ပြပါ။

ဤအဆိုပြုလွှာကို ရေးသားပြုစုနိုင်ရန် ဆောင်ရွက်ခဲ့သော အဓိကဆွေးနွေးမှုများ၏ ရလဒ်များကိုဖော်ပြပါ။ ယင်းတို့တွင် အောက်ပါတို့ပါဝင်သည်_

- မည်သူနှင့်တိုင်ပင်ခဲ့သည် (ဥပမာ - အခြားဖွံ့ဖြိုးရေးမိတ်ဖက်များ၊ အစိုးရဌာနများ၊ NGOများ စသည်)၊
- စီမံချက်၏ အကြောင်းရင်းနှင့်ဒီဇိုင်းတို့နှင့် ပတ်သက်၍ ပေါ်ပေါက်လာသော ပြဿနာများ၊
- အခြား အဓိကပတ်သက်ဆက်နွယ်သူများ၏ အမြင်များအကျဉ်းချုပ်။

### ၄။ ဆောင်ရွက်မှုများ၊ နည်းပညာဆိုင်ရာချဉ်းကပ်ပုံ၊ နည်းနာ၊ နယ်ပယ်

ဆောင်ရွက်မှုနှင့် နည်းနာဖော်ပြချက်သည် မည်သည်ကိုလုပ်မည်၊ မည်သို့လုပ်မည်၊ မည်သူကလုပ်မည်၊ မည်သည့်အချိန်တွင် ပြီးဆုံးမည်၊ မည်သည့်နေရာတွင် လုပ်ဆောင်မည်တို့ကို ပြည့်စုံစွာဖော်ပြရန် လိုအပ်သည်။ မျှော်လင့်ထားသောရလဒ်ကို ရရှိစေရန် မည်သည်ကို လုပ်ဆောင်မည်ဖြစ်ကြောင်း နည်းပညာဆိုင်ရာ ချဉ်းကပ်ပုံနှင့်နည်းနာများကို ရှင်းလင်းချက်များ နှင့်အတူ တိကျစွာဖော်ပြရမည်။

လုပ်ငန်းစီမံချက်ကို ပုံစံဇယားဖြင့်ဖော်ပြပြီး (LIFT၏ပုံစံများကို ပိုမိုလိုလားသည်) နောက်ဆက်တွဲအဖြစ် ပူးတွဲဖော်ပြပါ။ ယင်းတွင် အဆင့်တိုင်းနှင့် အဓိကရလဒ်များတို့အတွက် လျာထားသော စတင်ချိန်နှင့် အဆုံးသတ်ချိန် ရက်စွဲများအပါအဝင် အဓိကဆောင်ရွက်မှုများအဆင့်ဆင့်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှတ်တိုင်များကို ဖော်ပြရမည်။ လိုအပ်သလို အသေးစိတ် ဖော်ပြပါ။ ဖြစ်ပေါ်လာရမည့် ကိစ္စအားလုံးတို့ကို စီမံချက်၏ အစမှအဆုံးတိုင် သေချာစွာ စဉ်းစားထားကြောင်းညွှန်းပြလျက်၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အဆင့်ဆင့်တို့သည် သဘာဝကျကျ ဖြစ်ပေါ်နေကြောင်းကို လုပ်ငန်းစီမံချက်တွင် ပြသရမည်။ ရာသီအနေအထားစသည့် အဓိကကန့်သတ်ချက်များကို ထည့်သွင်းစဉ်းစားရမည်။ လိုအပ်သော အစီရင်ခံစာများနှင့် စောင့်ကြပ်ကြည့်ရှုသုံးသပ်ချက်များကိုပါ လုပ်ငန်းစီမံချက်တွင် ထည့်သွင်းဖေါ်ပြပါ။

### ၅။ တင်သွင်းသောအဖွဲ့အစည်း၏ အဖွဲ့အစည်းဆိုင်ရာနောက်ခံအကြောင်းအရာ၊ ဝန်ထမ်းရေးရာ၊ အုပ်ချုပ်မှု/ ပေါင်းစပ်ညှိနှိုင်းမှု၊ မိတ်ဖက်ပြုမှုများ

အဆိုပြုသောအဖွဲ့အစည်းသည် အဆိုပြုထားသောစီမံချက်ကို အောင်မြင်စွာအကောင်အထည်ဖော်မည့် စိတ်နှစ်မှု၊ စွမ်းဆောင်နိုင်မှု၊ အတွေ့အကြုံတို့ရှိကြောင်းကို ရှင်းလင်းစွာဖော်ပြရမည်။ ၎င်းတို့မှာ_

- အဖွဲ့အစည်းအမျိုးအစား - ရပ်ရွာအခြေပြုအဖွဲ့အစည်း၊ သို့မဟုတ် ဒေသခံNGO၊ သို့မဟုတ် နိုင်ငံတကာ NGO ဖြစ်သည်။ သုတေသန သို့မဟုတ် လေ့ကျင့်ရေးဌာနဖြစ်သည်။
- အဖွဲ့အစည်းဆိုင်ရာချဉ်းကပ်ပုံ (အတွေးအခေါ်) - အဖွဲ့အစည်း၏ ရည်ရွယ်ချက်နှင့် ပင်မဆောင်ရွက်မှုများ၊ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံများ။
- သက်တမ်းနှင့် တရားဝင်အနေအထား - အစိုးရအသိအမှတ်ပြုမှတ်ပုံတင်ထားခြင်း။

- အဖွဲ့အစည်းအတွင်းနှင့်အပြင်မှ စည်းရုံးစုစည်းသော ကျွမ်းကျင်မှုများ။
- မိတ်ဖက်ဆောင်ရွက်မှုဖော်ပြချက်- မည်မျှကြာမြင့်ပြီ၊ မည်သည့်ရည်ရွယ်ချက်ဖြင့်ဆောင်ရွက်ခဲ့သည်။

စီမံချက်၏ ဖွဲ့စည်းပုံကို ဖော်ပြရမည်။ ယင်းတွင် (ပြည်တွင်း/ပြည်ပ) အကြီးတန်းအရာရှိများ၏ ကိုယ်ရေးရာဇဝင်များ (ဥပမာ။ ဥက္ကဋ္ဌ၊ စီမံချက်ညွှန်ကြားရေးမှူး၊ နည်းပညာဆိုင်ရာ အကြီးတန်း အကြံပေး၊ ငွေရေးကြေးရေးအရာရှိချုပ်)

လုပ်ငန်းပြီးစီးမှုတို့၏ အရေးပါမှုကိုဖော်ပြချက်နှင့်အတူ စီမံချက်ကို အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုများကို မည်သို့ရယူမည်ကို အဆိုပြုလွှာတွင် ဖော်ပြရမည် (အဖွဲ့အစည်းအတွင်းမှ၊ ပြင်ပအကြံပေးမှုမှ၊ မိတ်ဖက်များမှ)။ ထို့ပြင် မိတ်ဖက်များကိုလည်းကောင်း၊ ယင်းတို့ကို မည်သို့တွေ့ရှိခဲ့သည်ကိုလည်းကောင်း၊ ယင်းတို့က မည်သည်ကိုဆောင်ရွက်မည်ကိုလည်းကောင်း ရှင်းပြရမည်။ အဓိကမိတ်ဖက်များထံမှ ယင်းတို့သည် ဤစီမံချက်ဒီဇိုင်းကို ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပြုလွှာတင်သွင်းသူနှင့်အတူ ပူးပေါင်းဆောင်ရွက်လိုကြောင်း ဖော်ပြထားသည့် စာတစ်စောင်ကိုပါ ပူးတွဲဖော်ပြနိုင်သည်။

အုပ်ချုပ်မှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုအစီအစဉ်များ - ဤစီမံချက်သည် ဒေသခံများပိုင်ရေးဆိုင်ခွင့်ရှိမှုကို အများဆုံး ဖြစ်ပေါ်စေရန် မည်သို့ဆောင်ရွက်မည်တို့ကိုပါ ဖော်ပြရမည်။

**၆။ ဘုံအရေးကိစ္စများ**

ဤအပိုင်းတွင် လုပ်ငန်းဆောင်ရွက်မှုတိုင်း၌ ပါဝင်နေသော အရေးကိစ္စများကို ဖော်ပြရမည်။ ယင်းတို့သည် စီမံချက်သို့ မည်သို့သက်ရောက်မှုရှိနိုင်သည်၊ ယင်းတို့ကို မည်သို့ကိုင်တွယ်မည်တို့ကို ဖော်ပြရမည်။ (ဥပမာ - ကျားမရေးရာ၊ အာဟာရ၊ ရွှေ့ပြောင်းသွားလာမှု၊ မသန်စွမ်းမှုအပါအဝင် လူ့အခွင့်အရေး၊ ပတ်ဝန်းကျင်ရေးရာ)

**၇။ အောင်မြင်စွာအကောင်အထည်ဖော်ရေးအတွက် အခက်အခဲများ**

စီမံချက်သည် မျှော်လင့်ထားသောရလဒ်များ မပေးနိုင်ခြင်း သို့မဟုတ် စီမံချက်ဆောင်ရွက်မှုကြောင့် ပေါ်ပေါက်လာနိုင်မည့် စွန့်စားရနိုင်ချေများကို ဖော်ထုတ်စာရင်းပြုစုထားရမည်။ ယင်းတို့တွင် အဖွဲ့အစည်းတွင်း အကြောင်းအရာများ (ဥပမာ - နည်းပညာဆိုင်ရာများသည် စီမံထားသည့်အတိုင်း အလုပ်မဖြစ်ခြင်း)နှင့် ပြင်ပအကြောင်းအရာများ (ဥပမာ - အစိုးရမူဝါဒ အပြောင်းအလဲများ)။ စီမံချက်ဒီဇိုင်းတွင် အခက်အခဲများကို မည်သို့ ဖော်ထုတ်မည်၊သုံးသပ်မည်ကိုလည်းကောင်း၊ ယင်းတို့ကို လျော့ပါးစေမည့် မဟာဗျူဟာများကို လည်းကောင်း ဖော်ပြပါ။ အဆိုပြုလွှာက အခြေခံထားသော **အဓိကယူဆချက်များ**ကိုပါ ဖော်ပြပါ။

**၈။ စီမံချက်ဘတ်ဂျက်ခွဲဝေမှု**

စီမံချက်တစ်ခုကို အောင်မြင်စွာအကောင်အထည်ဖော်ရာတွင် အမှန်တကယ်လက်တွေ့ကျသော ဘတ်ဂျက်တစ်ခုကို ရေးဆွဲရန်နှင့် စီမံခန့်ခွဲရန်မှာ အရေးကြီးသည်။ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာကိစ္စများကို ဂရုစိုက်အလေးပေးခြင်းနှင့် ဖွဲ့ရှိခြင်း တို့ဖြင့် ပိုမိုထိရောက်မှုရှိအောင် ဆောင်ရွက်နိုင်မည်။

LIFT ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော ဘတ်ဂျက်ဇယားပုံစံများကို အသုံးပြုရမည်။

စီမံချက်ဘတ်ဂျက်ကို ရေးဆွဲရာတွင် အောက်ဖော်ပြပါ အရေးကြီးသောမှုများကို စွဲမြဲထားရမည်_

- အဆိုပြုလွှာတွင်ဖော်ပြထားသော ရလဒ်များကိုဖော်ဆောင်ရန်အတွက် လည်းကောင်း၊ ဆောင်ရွက်မှုများကို ထိရောက်စေရန်အတွက် လည်းကောင်း တိုက်ရိုက်လိုအပ်မည့် စရိတ်များကိုသာ ထည့်သွင်းပါ။ အခြား

ဆက်စပ်ကုန်ကျစရိတ်များကို အခြားရန်ပုံငွေများမှသာ ကျခံသင့်သည်။ LIFTက မည်သည်ကို ရန်ပုံငွေ ထောက်ပံ့နိုင်သည်၊ မထောက်ပံ့နိုင်ဆိုသည်ကို LIFT၏ လုပ်ငန်းလမ်းညွှန်ချက်များတွင် ကိုးကားနိုင်သည်။

- ဘတ်ဂျက်သည် လက်တွေ့ကျရမည်။
- စီမံချက်စီမံခန့်ခွဲခြင်းဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာ ကုန်ကျစရိတ်အားလုံး ဘတ်ဂျက်တွင် ပါဝင်ရမည်။ အထူးသဖြင့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ရေးဆိုင်ရာစရိတ်ကို ထည့်သွင်းရမည်။
- LIFTကထောက်ပံ့မည့် အရင်းအနှီးမပါဝင်သည့် တိုက်ရိုက်ကုန်ကျစရိတ်စုစုပေါင်း၏ ခြောက် ရာခိုင်နှုန်း အထိသာ တစ်ဆင့်ခံစရိတ်များကို ခွင့်ပြုနိုင်သည်။
- ဘတ်ဂျက်ဇယားတွင်ပါဝင်သော ဘတ်ဂျက်အမျိုးအမည်များသည် ငွေကြေးကို မည်သည်တို့တွင် သုံးစွဲမည်ကို စဉ်းစားရာတွင် အထောက်အကူပြုရန်သာ ရည်ရွယ်သည်။ အကယ်၍ စီမံထားသော ကုန်ကျစရိတ်တစ်ခုသည် စံအမျိုးအမည်များနှင့် မကိုက်ညီပါက ယင်းကို အခြားစရိတ်များအောက်တွင် စာရင်းသွင်းပြီးလျှင် ယင်းငွေကြေးကို မည်သည့်အတွက် အသုံးပြုမည်ဟု ဖော်ပြထားပါ။
- ဘတ်ဂျက်စာရင်းလွှာတွင်ပါဝင်သော ကိန်းဂဏန်းများသည် အဆိုပြုလွှာပါခေါင်းစဉ်နှင့် စာကိုယ်များပါ ကိန်းဂဏန်းများနှင့် ကိုက်ညီရမည်။
- ဘတ်ဂျက်တွင် ကုန်ကျစရိတ် အသေးစိတ်ယူဆချက်များကိုပါ ဖော်ပြရန်လိုအပ်သည် (ဥပမာ - ဝန်ထမ်း မည်မျှအတွက် ကွန်ပျူတာမည်မျှလိုအပ်သည်၊ ခရီးသွားစရိတ်ကို မည်သို့တွက်ချက်သည် စသည်)။

ငွေရေးကြေးရေးနှင့် နည်းပညာဆိုင်ရာ အဆိုပြုလွှာများသည် LIFTကဆောင်ရွက်မည့် အဆိုပြုလွှာ၏ ငွေကုန်ကျရ ကျိုးနပ်မှုရှိမရှိ စစ်ဆေးမှုနှင့် ချိတ်ဆက်မိရန်လိုအပ်သည်။ LIFT၏ရန်ပုံငွေသည် အခြားရန်ပုံငွေများကို ပိုမို အကျိုးရှိစေမည် ဖြစ်ကြောင်း ရှင်းလင်းပြသည့် အဆိုပြုလွှာများ၊ ငွေရေးကြေးရေးအရ ရေရှည်တည်တံ့မှုကို ရှင်းလင်းစွာဦးတည်သော အဆိုပြုလွှာများကို တင်သွင်းရန် တိုက်တွန်းပါသည်။

**နောက်ဆက်တွဲ ၂။ LIFTက အသုံးပြုမည့် ရွေးချယ်မှုစံသတ်မှတ်ချက်**

အကဲဖြတ်ရေးကော်မတီ(EC)သည် အဆိုပြုလွှာများကို သုံးသပ်မည်။ အဆိုပြုလွှာများကို အောက်တွင် ဖော်ပြ ထားသော ရွေးချယ်မှုနှုန်းစံများနှင့်အညီ အကဲဖြတ်မည်။ ဤနှုန်းစံများကိုအသုံးပြုရခြင်းမှာ အောက်ပါတို့အတွက် ဖြစ်သည်ကို တင်သွင်းသူများက သတိပြုစေလိုသည်_ (က) ယင်းတို့၏အဆိုပြုလွှာများတွင် တင်သွင်းသူများက ကိုင်တွယ်ရမည့် အရေးပါသောကိစ္စရပ်များကို ဖော်ထုတ်ရန် (ခ) အဆိုပြုလွှာများအားလုံးကို အကဲဖြတ်ရန်အတွက် စံချိန်စံညွှန်းများကို သတ်မှတ်ရန်။

အကယ်၍ မရှင်းလင်းခြင်း၊ အဓိပ္ပာယ်နှစ်ခွဲဖြစ်နေခြင်းများရှိပါက သို့မဟုတ် အသေးစိတ်ထပ်မံရှင်းလင်းရန် လိုအပ်ပါက တင်သွင်းသောအဖွဲ့အစည်းများထံမှ ယင်းအဆိုပြုလွှာသည် ပင်မနှုန်းစံကို ပြည့်မီခြင်းရှိမရှိ ရှင်းလင်းရန် ECက တောင်းဆိုမည်ဖြစ်သည်။

အများဆုံး အမှတ်၈၀ရရှိသော နည်းပညာဆိုင်ရာအဆိုပြုလွှာများနှင့် အများဆုံး အမှတ်၂၀ရရှိသော ငွေကြေးဆိုင်ရာ အဆိုပြုလွှာများကို အောက်ပါနှုန်းစံများကို အသုံးပြု၍ အကဲဖြတ်မည်။

**နည်းပညာဆိုင်ရာအကဲဖြတ်မှု စံသတ်မှတ်ချက်**

၁။ ယခင်လုပ်ငန်းဆောင်ရွက်မှုများ (၁၅ မှတ်)

၂။ နည်းပညာဆိုင်ရာချဉ်းကပ်ပုံ (၃၅မှတ်)

၃။ ဝန်ထမ်းရေးရာ (၃၀မှတ်)

၄။ ငွေကြေးဆိုင်ရာအဆိုပြုလွှာနှင့် ငွေကြေးကုန်ကျရကျိုးနပ်မှု (၂၀မှတ်)